# ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တိုင်ရေးဘဝဇာတ်ကြောင်း

ဇာတိ မြေလတ်ဟုခေါ်သော ဗမာပြည်၏ အပူပိုင်းဒေသဖြစ်သော မကွေးစီရင်စု၊ ယခု ရေနံချောင်း ခရိုင်အတွင်း၊ ပျဉ်းမနား–ကျောက်ပန်းတောင်း ရထားလမ်းတဝက် ခန့်တွင် အပူပိုင်းဒေသ ကုန်းမြေပြင်များဖြစ်သော၊ နှမ်း၊ပဲနှင့် ဆီအထွက်များ၍ ကုန်ရောင်းကုန်ဝယ်တွင် အတော်တွင်ကျယ်သော မြို့လေးတမြို့ ရှိလေသည်။ မီးရထားဘူတာရုံ အနီးအနားတွင် မီးရထားဘက်မှ ဆောက်ထားသော အိမ်တန်း လျားများနှင့် ပွဲစားကုန်သည်ဆိုင်များ အနည်းငယ် ရှိလေသည်။ ဘူတာ၏ဝဲယာ ပတ်လည်တို့တွင် မြေပဲနှမ်းခင်းတို့ ရှိလေသည်။ ထိုယာခင်းများမှ ကျော်လွန်၍ အရှေ့စူးစူးသို့ကြည့်လျှင် ရေးရေးထင်သော တောင်တန်းများကို နောက်ခံကာ တောရကျောင်းများနှင့် ကမ္ဗောဇဒန်း ထိုင်သူတို့၏ ဂူလိုဏ်များကို တွေ့နိုင်ပေသည်။

ထိုဘူတာ၏အနောက်မြောက်ယွန်း ကိုက်၄၀၀–ခန့် အကွာတွင်ကား မိုင်ဝက်ခန့် ကျယ်သော သဲချောင်းရိုးကမ်းစပ်ပေါ်၌ ခပေါင်းကုန်း (သို့မဟုတ်) န–ကျားထူးဟု ခေါ်သော အိမ်ခြေတရာခန့်ရှိ ရွာလေးတရွာ ရှိလေသည်။ ယင်းချောင်းဟုခေါ်သော သဲချောင်းကြီး၏ တဘက်ကမ်း (အနောက်ဘက်ကမ်း)၌ကား ယာခင်း၊ လယ်ကွင်း ပြင်များနှင့် ဥယျာဉ်အချို့ကို တွေ့ရပေသည်။ ထိုမှလွန်လျှင် တောင်ကုန်းကျကျ နေရာတွင် အရှေ့ဘက်မှ တာမြောင်းခံထားသော အိမ်ခြေ ၂၀၀–ခန့်ရှိ ရွာတရွာ ရှိလေသည်။ ထိုရွာ၏အနောက်ဘက် ကိုက်–၃၀၀ခန့်တွင် အိမ်ခြေ ၁၀၀–ခန့်ရှိ ရွာတရွာရှိလေသည်။ ရွာ၏မြောက်ဘက်တွင် ကပ်လျက် (ရှေးလူကြီးများ ပြောသလို) လောကဓာတ် မြန်မာအထက်တန်းသင် ဘုန်းကြီးကျောင်းတကျောင်း ရှိ လေသည်။ ထိုမှ ယာတခင်းအလွန်တွင် ငါးရက်တဈေးဖွင့်ရာ ဈေးဝိုင်းရှိလေသည်။ ထိုမှလွန်လျှင် ပုလိပ်ဂါတ်တန်းလျားများရှိလေသည်။ ထိုအနီးတွင် စာတိုက်ရှိလေ သည်။ ထိုစာတိုက်၏ အနောက်မြောက်ဘက် စောင်းစောင်း မလှမ်းမကမ်းတွင် အိမ်ခြေ ၁၅၀–ခန့် ရွာတရွာ ရှိပြန်လေသည်။ စာတိုက်နှင့် အရှေ့တည့်တည့် ပေတရာလမ်းနှင့် မြေတလင်းပြောင်ပြောင်ကို ကျော်လွန်၍ ကိုက်တရာခန့် အကွာတွင် ဘုန်းကြီးကျောင်း တကျောင်းနှင့်ကပ်၍ မြို့အုပ်ရုံးရှိလေသည်။

ထိုဘုန်းကြီးကျောင်းနှင့်ဆက်ကာ ထောင့်မှန် (Right Angle) ကျကာ ၁၅–ပေခန့် မြင့်သော အုတ်တံတိုင်းကြီး လေးဘက်လေးတန် ခြံရံလျက် စေတီငယ် များအလယ်တွင် ရွှေရောင် တပြောင်ပြောင်လက်နေသော စေတီကြီးတဆူနှင့် သပ်ယပ်ခမ်းနားသော ဇရပ်၊ တန်ဆောင်း၊ ကျောင်းကန်များ ရှိလေသည်။ ထိုရွာများအနက် ရွာမကြီးသဖွယ် အိမ်ကောင်းအများဆုံးနှင့် ဆိုင်ကနား အတော်အတန်ရှိ၍ စာရေးစာချီ မြို့အုပ်၊ ရှေ့နေ၊ ကုန်သည်များ နေကြသောရွာကား၊

ဆိုခဲ့ပြီးသည့် သဲချောင်းကြီးအနောက်ဘက်ကမ်း တောင်ကုန်းပေါ်တွင် တည်လျက်ရှိသော ရွာပင်ဖြစ်လေသည်။

ထိုရွာကို သမိုင်းစာအရကား ပီဋ္ဌိယကမ္ဘမင်း တည်ထောင်သွားသည်ဟုဆိုလေသည်။ သို့သော် ကျွန်တော်၏ ဘေးမှတ်တမ်းအရကား ပုဂံခေတ် အနော်ရထာ မင်းစောအချိန်အခါလောက်တွင် ထိုရွာကို စတင်တည်ထောင်ခဲ့သည်ဟု မှတ်သားဘူးသည်။ ထိုရွာ၏ မြောက်ဘက်စွန်း၌ တရွာလုံး၏ အိမ်ဝိုင်းများအနက် အကျယ်ဆုံးအိမ်ဝိုင်းကြီးထဲတွင် ဇရာမအိမ်ကြီး ရှိလေသည်။ မူလက ဆင်တရပ်ခန့် ဝင်နိုင်အောင်မြင့်၍ အဆောင်ပေါင်းများစွာရှိသော်လည်း ထိုအခါက အတောင်ရှစ်တောင်ခန့်မျှသာ ရှိတော့သည်။ အိမ်အမြင့်မှာလဲ သုံးပေခွဲမျှသာ ရှိတော့သည်။ ထိုအိမ်ကြီးကား ရှေးဗမာမင်း လက်ထက်က နတ်မောက်မြို့ရှိ မြို့သူကြီးအိမ်ပင်ဖြစ်လေသည်။ ယခုကား အိမ်မရှိတော့ပြီ။ ထိုအိမ်နောက်ဖေး ဆောင်ငယ်တွင် ကျွန်ုပ်အား ဖွားမြင်ခဲ့လေသည်။

ကျွန်တော့်ကို မွေးဖွားစဉ်အခါက ကျွန်တော်တို့ နတ်မောက်သို့ မီးရထားလမ်း မပေါက်သေး။ သို့သော်ရည်ရွယ်ချက်ကား ထားပြီးဖြစ်လေသည်။ ယခုအခါကဲ့သို့ အနည်းငယ်မျှ မြို့မဆန်ဘဲ တောရွာစုကြီးတရွာမျှသာ ဖြစ်လေသည်။ နံနက်ညနေခင်းများတွင် ခလောက်သံ တဒေါက်ဒေါက် နေ့လည် နေ့ခင်းများတွင် ယက္ကန်းသံ တချွင်ချွင်နှင့် ကြားရတုန်းပင် ရှိလေသည်။

အချိန်ကား ၁၉၁၅ခု။ ဖေဖော်ဝါရီလဖြစ်၍ ပထမကမ္ဘာစစ်ကြီး၏ ဒုတိယနှစ်ထဲပင်ဖြစ်လေသည်။ ထိုအချိန် ထိုအခါကား ဂျာမနီသည် ရေငုပ်သင်္ဘောများဖြင့် ဗြိတိသျှရေတပ်တို့အား အကြီးအကျယ် ဒုက္ခပေးနေသည့် အချိန်အခါ ဖြစ်လေသည်။ အနာက်စစ်မျက်နှာပြင်ဟုခေါ်သော ပြင်သစ်နှင့် ဂျာမနီတို့ စစ်ခင်းရာမျက်နှာ၌မူကား ပထမအကြိမ် တိုက်ပွဲကြီးများမှာ မပြီးဆုံးနိုင်သော သောင်မတင်ရေမကျ၊ ရှေ့မတိုး နောက်မဆုတ် အခြေအနေပင် ရှိလေသည်။ အရှေ့မျက်နှာပြင်ဟုခေါ်သော ရုရှစစ်ခင်းရာ မျက်နှာမှာကား မဆူးရီးယားနှင့် ဝါဇနစ်ဇူ စစ်ပွဲကြီးများဖြစ်ပွားလျက်ရှိလေသည်။

ထိုနှစ် ဖေဖော်ဝါရီလ ၁၃–ရက်နေ့။ ၁၂၇၆–ခု တပေါင်းလဆန်းတရက် စနေနေ့နံနက် လင်းအားကြီးအချိန်တွင် ကျွန်တော်သည် လူ့ပြည်သို့ ပထမဆုံး ရောက်ရှိလာခဲ့ရပေသည်။ ဖေဖော်ဝါရီ (၁၃)ရက်နေ့ကား နာမည်ကျော် နက္ခတ်ဗေဒင်ဆရာကြီးကီရို၏ ဟောပြောချက် အရဆိုလျှင် တိုင်းပြည်တပြည်၏ အစိုးရထီးနန်းတို့ကို ဖြိုဖျက်နိုင်စွမ်းသော သူများကို မွေးဖွားတတ်သော ဇာတာဟုဟောထားလေသည်။ ထိုနေ့တွင်မွေးဖွားသော ကျွန်တော်မှာ သူပုန်လောင်းလေးဖြစ်သည်ကို ထိုအခါက မည်သူမျှ ထူးထူးခြားခြားထည့်သွင့် စဉ်းစားခြင်း

မပြုကြချေ။ ကျွန်တော်မွေးဖွားသည်နှင့် ပတ်သက်၍ ကျွန်တော်၏ ဇာတာ နာမည်မှာ (ထိန်လင်း) ဖြစ်လေသည်။ သို့သော် ကျွန်တော့်အထက် အကို– ကိုအောင်သန်းနှင့် နာမည်လိုက်အောင် အောင်ဆန်း ဟု ခေါ်တွင်ခဲ့လေသည်။ မွေးဖွားစဉ်က ကျွန်တော် မထူးဆန်းလှ သော်လည်း ထိုင်နိုင်ထနိုင်သော ကလေးဘဝမှစ၍ ကျွန်တော်သည် ထူးခြားခဲ့သည်။ ဝကျသူ ဖြစ်ခဲ့လေသည်။

ကျွန်တော်ငယ်ငယ်တုန်းက တော်တော်နဲ့ စကားမပြောတတ်ရကား လူကြီးမိဘများမှာ ဆွံ့အ၍ပင် နေသလားဟု စိုးရိမ်ကြောင့်ကြခဲ့ရသည်ဟု သိရလေသည်။ အနာအဖျားထူသည်။ အစားကြူးသည်။ အမဲသား ငါးကို အလွန် ကြိုက်သည်။ ကျွန်တော်၏မိခင် ဈေးဝယ်သွားရာ ရံဖန်ရံခါ ကျွန်တော့်ကို ချီ၍သွားလေသည်။ တခါသော် အမဲ သားစိမ်းကို အတင်းလု၍ စားမည်ပြုသည်ဟု ကျွန်တော့်မိခင်က ပြန်၍ပြောပြသဖြင့် သိရပေသည်။ လူရိုင်းဘဝက ကျွန်တော်လာသလားမသိ၊ ယနေ့အထိ လူရိုင်းသဘောမျိုး နေချင်သည့် စိတ်ထားများရှိသည်။ ရံဖန်ရံခါ လူယဉ်ကျေးများနှင့် အသားမကျခဲ့ချေ။ မျက်စိနောက် မြင်ပြင်းကပ်လာသည်။ ထိုအခါ လူယဉ်ကျေးများနှင့် ငါလူရိုင်းဟု ဇာတိခွဲပစ်ချင်သည့် စိတ်များရှိသည်။ လူရိုင်းကကြမ်း၏။ ခက်ထန်၏။ သို့သော် ဖြူဖြောင့်၏။ တည်ကြည်၏။ လွတ်လပ်၏။ ကျန်းမာ၏။ သန်စွမ်း၏။ ငါ့မြင်းငါစိုင်း ညောင်ကိုင်းရောက်ရောက် ဆိုသည်ကို ကျွန်တော်ကြိုက်၏။

ကျွန်တော်၏စိတ်တွင် အင်မတန်စိုပြည် လတ်ဆတ်သောဘဝဟု ယူဆသည်။ ဗမာပြည်ရှိသည့် လူသည် လူရိုင်းမျိုးဘဝ ရောက်ချင်ရောက်သွားပါစေ၊ လွတ်လပ်ချမ်းသာစွာ ခေါင်းထောင်နေနိုင်မည်ဆိုလျှင် မလွတ်လပ်သော လူ့ယဉ်ကျေးမှုဘဝထက် ကျွန်တော် အဆတရာကြိုက်သည်၊ နှစ်သက်သည်။ စိမ်းလန်းစိုပြေကျယ်ပြန့်သော လွင်ပြင်ရိုင်းပေါ်တွင် လက်ပန်းပေါက်ခတ်၍ လွတ်လွတ်လပ်လပ် မြူးတူးအော်ဟစ် နေလိုသည်။

ငယ်ငယ်တုန်းက ကျွန်တော်အတီးအမှုတ်၊ အကအခုန် အတော်ဝါသနာပါ၏။ အထူးသဖြင့် ဆိုင်းတီး အတော်ဝါသနာပါသည်။ စားပွဲဖြစ်စေ၊ ခေါက်စရာတွေ့လျှင် အမြဲခေါက်လေ့ရှိရာ ကျွန်တော်၏လက်မှာ ယနေ့တိုင် အချိန်မှန် လက်ရည်ကွဲကျခဲ့လေသည်။ သို့သော် ကျွန်တော်အနည်းငယ် ကြီးပြင်းလာသည်နှင့် လူကြီးမိဘများက ကျွန်တော့်အား အတီးအမှုတ်ဝါသနာကို ခွင့်မပြု။ နဂို ဝါသနာမဟုတ်၍လားမသိ၊ ယခုဤစိတ်မျိုး ပျောက်သလောက်ရှိခဲ့သည်။

ကျွန်တော်ကား ငယ်ငယ်ကလေးက ယနေ့တိုင် လူရောစိတ်ရော ပျော့ပြောင်းသည် ဆိုသည့် အချက်ကို သက်သက် နားမလည်ခဲ့။ နားလည်ရန်လည်း မကြိုးစားခဲ့၊ ကြိုးလည်းမကြိုးစားချင်၊ ကျွန်တော်က စကားပြောလျှင် မဖွယ်ရာ မယဉ်ကျေး၊

အသက်ရှစ်နှစ်ထဲရောက်၍ ကျောင်းနေသည့်အချိန်၌ပင် ဘုန်းကြီးကို ဘုန်းကြီးစကားဖြင့် မလျှောက်တတ်။ အမူအရာလဲကြမ်း၏။ အလိုက်လဲမသိ။ ညစ်လဲ ညစ်ပတ်သည်။ အသက် လေးငါးခြောက်နှစ်တိုင်အောင် ညအိပ်ယာတွင် သေးပါ၏။ မီးဖိုကို ညညရှိုး၍ အရှင်စဖို့ည၊ ကျွန်တော်မနေ့ ဟု ဆိုရသည်ကို အမှတ်ရသေးသည်။ အသက်ဆယ့်ငါးနှစ်ထဲ ရောက်သည့်အခါ၌ ပင် အခြားအိမ်တအိမ်၌ သေးပါဘူးသေးသည်။ ထိုအခါကား ကျွန်တော်သည် ရေနံချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းမှာ ခြောက်တန်းအောင်၍ ခုနှစ်တန်းအဝင် ကျောင်းအပြန် ဖြစ်သည်။

ကျွန်တော်၏ အကိုအကြီးဆုံးမှာလည်း ၄င်းနှစ်တွင် ဘီ–အက်–စီ သင်္ချာ ဂုဏ်ထူးတန်းကိုအောင်ခဲ့၍ ရေနံချောင်းရှိ ကျွန်တော်တို့ ကျောင်းတွင် မိမိကျောင်းဟောင်းဖြစ်သည့်အတိုင်း ကျောင်းဆရာ ဝင်ရောက်လုပ်ကိုင်ရန် ကျွန်တော်နှင့် အတူပင် လာခဲ့ပေသည်။ ထိုအခါ ရေနံချောင်းမြို့သို့ နတ်မောက်မှ သွားသည့် လမ်းမှာ တောင်တွင်းကြီးသို့ ရထားစီး၊ တောင်တွင်းကြီးမှ မိချောင်းရဲသို့ ကားစီး၊ မိချောင်းရဲမှ ရေနံချောင်းသို့ သင်္ဘောစီး သို့မဟုတ်လျှင် မကွေးသို့ ဘတ်စ်ကားစီး၊ မကွေးသင်္ဘောစီးရလေသည်။ ၂–ရက်ကြာလေသည်။ နောက်နေ့ကား ကျောက်ပန်းတောင်းမှ တဆင့် မီးရထားတတန်၊ မော်တော်ကားတတန်သွား၍ ရေနံချောင်းသို့ နေချင်းပေါက်လေသည်။ ထိုနှစ်တွင် ကျွန်တော်တို့ မကွေးမှ တဆင့်သွားကြသည်။ မကွေးမြို့တွင် အပျိုပေါက်စ ခပ်ချောချောမိန်းကလေးရှိသော အသိအိမ်တွင် တည်းခိုကြသည်။ လူပျိုပေါက်စဖြစ်သော ကျွန်တော်မှာ တစိမ်းတရံဆန် အိမ်တွင် မနေတတ်၊ အတော်ရှက်တတ်သည်။ မိန်းကလေးနှင့်ဆိုလျှင် သာ၍ပင် ရှက်တတ်သည်။ ထို့ကြောင့် ထိုညအိပ်ခါနီး ရှက်လွန်း၍ သေးမပေါက်မိရာ ညအိပ်သည့်အခါ မအောင့်နိုင်တော့ သေးပါကျလေ၏။ ကျွန်တော်လဲ ပါပြီးမှ သိလေသည်။ ဤမျှ ကျွန်တော်သည် မသိမ်မွေ့။ ညီအကို မောင်နှမများထဲတွင် ကျွန်တော်အငယ်ဆုံး ဖြစ်၏။ ထို့ကြောင့် ကျွန်တော့်အိမ် စံချိန်နှင့်ကြည့်လျှင် ကျွန်တော်အလိုလိုက်ခံရဆုံး ဖြစ်၏။ အဆိုးဆုံးဟုလည်း အိမ်နီးချင်းပါမက ရွာနီးချင်းများကပါ အသိအမှတ်ပြုခံရ၏။

ကျွန်တော်၏အထက် အစ်ကိုကိုအောင်သန်းနှင့် ကျွန်တော်မှာ အသက်သုံးလေးနှစ်မျှသာကွာ၏။ သူနှင့် ကျွန်တော်ကား ငယ်ငယ်က ရန်ဖြစ်ဘက်ဖြစ်၏။ သူက လက်မြန်၏။ ကျွန်တော်ကား အားကြီး၏။ မချိန်မဆ လက်လွတ်စပယ် လုပ်တတ်၏။ သူကားနု၏။ မင်းသားကျချေသည်၊ ကျွန်တော်က ကြမ်း၏။ သူသည် အစားအသောက် အနေအထိုင်မှ၍ သပ်ယပ်၏။ အစားဆိုလည်း အစားတိုင်းမစား၊ စားသောက်နေသည့်အခါ မြေကြီးပေါ်သို့ ကျသွားလျှင် သူလည်း မစားတော့ချေ။ ကျွန်တော်ကျတော့ အစာကို ဖုတ်ဖက်ခါ၍ စားနိုင်လျှင် ကောက်စား၏။ သူကား အဝတ်များကို သပ်သပ်ယပ်ယပ် ဝတ်တတ်၏။

ကျွန်တော်ကား မဝတ်တတ် မဖြစ်ညစ်အောင် ဖြစ်ကတတ် ဝတ်တတ်၏။ သူကား မြေကြီးနှင့်ကြမ်းများပေါ်တွင် မည်သည့်အခါမှ တုံးလုံးမလှဲ၊ ကျွန်တော်ကား ကြိမ်ဖန်များစွာ လှဲဘူး၏။ သူကားပါး၏။ လျှင်၏။ ကျွန်တော်ကထူ၏။ အ၏။

ကျွန်တော်၏ မြို့ကား ရွာသာသာ တောအရပ်ဖြစ်သည်။ ကျွန်တော်ငယ်စဉ်က ယခုထက် ကျွန်တော်တို့အရပ်မှာ တောကျ၏။ ထိုအခါက (ကလီဖား)ခေါ် ဆံပင်ညှပ်ကုလား တယောက်တလေသာ ရှိ၏။ သို့ဖြစ်ရာ ၎ကလီဖားမှာ လက်မလည်။ ကျွန်တော်တို့အား ခေါင်းတုံးရိတ်ရင် တခါတခါ ရိတ်တတ်သည့် အိမ်နီးနားချင်းတို့ကို ခိုင်းရလေသည်။ တခါတခါ ကျွန်တော်တို့ ဖခင်ကိုယ်တိုင် ရိတ်ပေးလေသည်။ ကျွန်တော်၏ ဖခင်ကား ယခုကွယ်လွန်သည်မှာ (၁၅)နှစ် ကျော်လွန်လေပြီ။

ကျွန်တော်၏ဖခင်သည် အမူအရာမှာ ကျွန်တော်နှင့် အတော်ဆင်သည်။ တနေ့နေ့၌ စကား တခွန်းမပြော။ မျက်နှာထားဆိုး၏။ ဆိုးရသည့်အထဲ ကျောက်ပေါက်မ များလဲရှိ၏။ လောကွတ်မရှိ၊ ဟန်မရှိ၊ ဘာသိဘာသာ နေတတ်သည်။ အကိုင် အတွယ် အသွားအလာ အမူအရာကြမ်းတမ်း၏။ ငြင်းမိလျှင် အလျှော့ မပေးတတ်။ သို့သော် စိတ်နှလုံးကား အထူးဖြောင့်စင်း၏။ စကားတည်၏။ အပိုမပြော၊ ထို့ကြောင့် ရှေ့နေစာမေးပွဲ ဝင်ထားသော်လည်း ရှေ့နေလိုက်၍ စားသည်ကို ကျွန်တော်တို့ မမှတ်မိ။ ယာလုပ်ကုန်ကူး၍သာ စီးပွားဖြစ်၏။ စီးပွားဖြစ်ခြင်းမှာလဲ ကျွန်တော်တို့ မိခင်၏ ဒိုးတူဘောင်ဘက် ကူညီမှုကြောင့်သာ ဖြစ်လေသည်။ ကျွန်တော်တို့အား အခြားသူတဦးက ခေါင်းရိတ်ပေးလျှင် အင်မတန်ညင်သာ၏။ ကျွန်တော်တို့ ဘဘေကား ဒါးမထက်ထက်ကို ကောင်းကောင်းမသွေးဘဲ အတင်း တွန်းချ၍ ရိတ်ချ၏။ အထူးပင်ခေါင်းရည် နာ၏။ ကျွန်တော်တို့သည် ခေါင်းရိတ် မည့်အခါ ရှုံ့၏။ တွံ့၏။ သို့သော် ခေါင်းရိတ်သည့်အခါတိုင်း ကျွန်တော့်အကိုကား အမြဲငို၏။ ငိုတိုင်းခေါင်းပုတ်ခံရ၏။ ကျွန်တော်ကားမငို၊ ကြိတ်ခံ၏။ ထို့ကြောင့် ခေါင်းပုတ်လွတ်သည်၊ ကျွန်တော်၏ အကိုကား စိတ်မြန်၏။ ကျွန်တော်တို့ ညီအကိုလေးယောက် ရှိသည့်အနက် ဒုတိယအကိုကြီး ကိုနေအောင်သာ လျှင် စိတ်ရှည်၍ သိမ်မွေ့၏။ တသက်ပတ်လုံး မည်သူနှင့်မှ ရန်မဖြစ်ခဲ့ဘူးချေ၊ ကျွန်တော်ကား စိတ်ရှတ်၏။ ကျွန်တော့်အကို ကိုအောင်သန်းကား သူများအကြော မခံ၊ သူကသာ ဦးဆောင်ကြောခဲ့သည်။ ကျွန်တော်ကား သူများအကြောသာ ခံရ၏။ မြှောက်လို့ မြှောက်ပေးမှန်းမသိ၊ ချောက်လို့ချောက်မှန်းမသိ၊ ထုံပေပေ အလွန် နိုင်၏။

တခါသော် ဆယ်မိုင်ခန့်အကွာ ရွာတရွာသို့ ကျွန်တော့်မိဘများနှင့် လိုက်သွား၍ သူကြီးအိမ်တွင် တည်းခိုနေစဉ် ထိုရွာမှ ရွယ်တူလောက် ကလေးတယောက်က ကျွန်တော့်အားမြှောက်၍ ဗိုလ်ကြီး၊ ဗိုလ်ကြီးဟုခေါ်ရာ ကျွန်တော်မှာ များစွာ

သဘောကျကာ ထန်းလျက်အဖြူဆုပ်ကို ခေါ်တိုင်းခေါ်တိုင်း ပေးခဲ့လေသည်။ ကျွန်တော်သည် လိမ်လည်လေ့မရှိ။ မလိမ်တတ်၊ လိမ်ခဲ့မိသော်လည်း ခဏချက်ချင်း ဖြောင့်ချက်ပေး၏။ ကျွန်တော်တို့နေသည့် ဘုန်းကြီးကျောင်းမှာ ဥပုသ်နေ့တိုင်းပိတ်၏။ သို့သော် ယောကျ်ားကလေးများမှာ ဥပုသ်နေ့ပင် ဖြစ်သော်လည်း ကျောင်းသို့သွားရ၍ ရေခပ်မြက်နုပ်လုပ်ရသည်။ တနေ့သော် နေ့ခင်းတွင် ကျောင်းသားများ အလုပ်မရှိ၍ အလုပ်မရှိလျှင် အိပ်နေကြ၊ မကစားကြနဲ့ ဟု ဘုန်းကြီးက အမိန့်ရှိလေသည်။ အားလုံးသော ကျောင်းသားများအား မအိပ်ချင်ဘူးလားဟု မေးသောအခါ မအိပ်ချင်ကြသော်လည်း အိပ်ချင်သည် ဟု ဘုန်ကြီးအလိုကျ လျှောက်ကြသည်။ ကျွန်တော့်အား ဘုန်းကြီးက အောင်ဆန်းကော မအိပ်ချင်ဘူးလားဟု အထူးတည်မေးရာ ကျွန်တော်က မအိပ်ချင်ပါဘုရားဟု ပြန်လျှောက်ရာ ဘုန်းကြီးမှာ ပြုံး၍သာနေလေတော့သည်။

ကျွန်တော်သည် ငယ်စဉ်က ချောင်တချောင်တွင် ကပ်၍မှိုင်တွေကာ စဉ်းစား၍နေသော်လည်း နေတတ်သည်၊ ကလေးနှင့်မလိုက် အများအားဖြင့် အိန္ဒြေကြီးသည်၊ ကစားခန်စားဆိုလျှင် များးစွာမလေ့ကျင့်၊ သို့သော် ကစားသည့်အခါ ကြမ်းတမ်း၏။ ကြမ်းတမ်းသော ကစားနည်းကိုမှ နှစ်သက်သည်၊ တွတ်ထိုးခြင်း ကြည်းသားရိုက်ခြင်း စသည်တို့ကို ဝါသနာပါသည်၊ ခြင်းလုံးခတ်ခြင်းကိုကား မကြိုက်၊ ရွရွလေးလုပ်ရသော အလုပ်ဆိုလျှင် ကျွန်တော်နှင့်မဖြစ်။

အချုပ်ဆိုရလျှင် ကျွန်တော်၏ ကလေးဘဝမှာ ချီးမွမ်းစရာ အလွန်နည်း၏။ ညစ်ပတ်ပေရေ လျှိုမြောင် ချောင်းစောင်းကဲ့သို့ အဖုအထစ် အပြစ်အနာအဆာများသည် စိမ်းလန်းစိုပြေ ညီညာသော မြက်ခင်းသဖွယ် ရှုချင်စရာ မဟုတ်ပေ။ အသက်ဆယ်နှစ်ခန့်အထိ အနာရောဂါ ကင်းသည်ဟူ၍ မရှိ။ သေလုမတတ် အကြိမ်ကြိမ် ဖြစ်ခဲ့ဘူး၏။ ဝဲနာအကြီးအကျယ် စွဲခဲ့ဘူး၏။ ထိုအခါ ကျွန်တော်သည် ဘယ်တော့များမှ ငါကျန်းကျန်းမာမာ အမြဲနေရပါမည်နည်းဟု တမ်းတမိသည်။

ကျွန်တော်သည် ထိုကလေးဘဝကပင် သူပုန် စိတ်ထားရှိလေသည်။ အကြံကြီးသူဖြစ်လေသည်။ ဗမာပြည်အား အင်္ဂလိပ်လက်မှ ပြန်ရရန် သူပုန်ထနည်း အမျိုးမျိုးကို စဉ်းစားခဲ့ဘူးလေသည်။ တခါတရံလည်း ဟုတ်တိပတ်တိ စိတ်ကူး၏။ တခါတခါလည်း ပြဒါးရှင်လုံး စသည်များကို ရှာဖွေလိုသော စိတ်များပေါ်ပေါက်၏။ ပြဒါးရှင်လုံးစသော အစွမ်းအားဖြင့် ဗမာပြည်ကို ကယ်တင်လို၏။ ကျွန်တော်ရန်မဖြစ်တတ်၊ သို့သော်ကျွန်တော်သည် သတ္တိထူးချွန်သည်ဟု မဆိုနိုင်၊ သရဲတစ္ဆေအလွန်ကြောက်တတ်သည်။ ရန်ဖြစ်ခဲ၏။ ကျွန်တော့်အကို ကိုအောင်သန်းကား ခဏခဏရန်ဖြစ်၏။ ဦးအောင်ရိုက်နှက်၍ အိမ်ပြန်ပြေးလာခဲ့၏။ သို့နှင့်မကြာမကြာအတိုင်ခံရ၍ မိဘများ အရိုက်ခံရ၏။ ကျွန်တော်က ဤကဲ့သို့ မဖြစ်ဘူး၊

ရန်တခါသာ အကြီးအကျယ်ဖြစ်ဘူးသည်။ ထိုအခါလူချင်းလည်း ထိုးသတ်ပုတ်ခတ်စဉ်က ကျွန်တော်က နိုင်၏။ လူချင်းဖြန်ဖြေသည့်အခါ မရှောင်မတိမ်း ထုံပေပေနေသဖြင့် ခုံဖိနပ်နှင့် အပေါက်ခံရ၍ ခေါင်းပေါက်ဖူး၏။ ထိုအခါမှ ကျွန်တော်၏ရန်ဖြစ်ဖက်ကို လိုက်လေရာ ခေါင်းမူး၍မမှီ၊ ထိုလိုက်သည့်အချိန်အထိက သတ္တိကောင်းပါ၏။ ခေါင်းမူးလာ၍ ခေါင်းစမ်းကြည့်မှ သွေးတွေမြင်သဖြင့် ခေါင်းပေါက်မှန်းသိသောအခါ ကျွန်တော် ငိုလေတော့သည်။ သတ္တိခေသွားလေတော့သည်။ ရွယ်တူကလေးချင်းများပေါ်တွင် တခါတလေ အနိုင်ကျင့်ချင် သည့် စိတ်ကားရှိလေသည်။ တခါတွင်ကား ဘုန်းကြီးကျောင်းနေစဉ် နဖူးသားများကို ကြက်တောင်စိုက်၍ ကြက်တောင်ရိုက် ကစားနေရင်းမှ ကျောင်းသားနှစ်ယောက် ရန်ဖြစ်ရာကျောင်းသားတယောက် ထိပ်ပေါက်၏။ သို့ဖြစ်၍ ထိပ်ပေါက်ခံရသော ကျောင်းသားမိဘများက ဘုန်းကြီးအား လာရောက်တိုင်တန်းရာ ဘုန်းကြီးက ဤကစားနည်းမျိုးကို အားလုံးကျောင်းသားများသည် ကျောင်းဝင်းအတွင်းမှာသော်၎င်း၊ အပြင်မှာသော်၎င်း၊ မကစားရဟု ပညတ်ရလေသည်၊ ထိုပညတ်ချက်ကို ကျွန်တော်နှင့် ညီအကိုဝမ်းကွဲများက သဘောမကျသဖြင့် အာဏာဖီဆန်ကာ ရွာထဲတွင်ကစားကြလေသည်။ ကျွန်တော်တို့ ကစားနေသည်ကို အခြားကျောင်းသားတဦးနှစ်ဦးကမြင်သဖြင့် ဘုန်းကြီးအားသွားရောက် တိုင်တန်းသောအခါ ဘုန်းကြီးကကျွန်တော်၏ မိခင်နှင့် ဦးလေးများကိုပါ ခေါ်၍ ၎င်းတို့ရှေ့တွင်ပင် ကျွန်တော်တို့အား ပြင်းထန်စွာရိုက်နှက်လေတော့၏။ ကျွန်တော်မှာ ပဋ္ဌမကြိတ်မှိတ်၍ ခံသော်လည်းနောက်ပိုင်းတွင် သတ္တိမကောင်းနိုင်တော့ပဲ ငိုလေတော့သည်။ ကျွန်တော်သည်ထိုသို့သွားရောက်တိုင်တန်းသူ ကျောင်းသားကို ယနေ့တိုင် အခဲမကျေချင်လှ။ ဤကဲ့သို့ အလုပ်ပိုမေတ္တာရိ မျက်နှာလိုမျက်နှာရ အထက်လူကြီးအား တိုင်ခြင်းတောခြင်းကို ငယ်ငယ်ကလေးကစ၍ ယနေ့တိုင် ကျွန်တော် အထူးစက်ဆုပ်လှသည်။ ယခုခေတ်သစ် ကျောင်းများတွင် ကျောင်းသားများအား ဤအကျင့်မျိုးကိုအားမပေးဘဲ ဖျောက်ဖျက်စေသင့်လေသည်။ ဤအကျင့်မျိုးကား အကျင့်ယုတ်ဖြစ်လေသည်။ ကျွန်တော်တို့မိဘကား ပစ္စည်းဥစ္စာ အတော်အတန်ရှိ၏။ ကြွေးရှင်မြေရှင်ဖြစ်ရာ ဆင်းရဲသားများနှင့် အများအပြား ဆက်ဆံရလေသည်၊ ကျွန်တော်တို့၏ မိခင်မှာ ဓနရှင်ကလေး အတန်းအစားထဲတွင် သမာသမတ်ရှိ၍ စိတ်ကောင်းရှိလေသည်။

သို့ပင်ဖြစ်သော်လည်း ရံဖန်ရံခါ ဆင်းရဲသားများက ကြွေးများမဆပ်နိုင်၍ ကြိမ်းမောင်းသောအခါ ကျွန်တော် အထူးပင် စိတ်မကောင်းဖြစ်မိသည်။ ထိုအခါကကျွန်တော်ကား ငွေတိုးကြီးစနစ်ဆိုးဝါးပုံကို မျက်ဝါး ထင်ထင် တွေ့ခဲ့ရလေသည်။ များစွာသော ဆင်းရဲသားတို့မှာ ကြွေးတခါယူမိလျှင် ကြေနိုင်စရာ အကြောင်းမရှိပေ။ ဤစနစ်ကို ယနေ့ခေတ်တွင် အလျင်အမြန်ပြင်ဆင်သင့်သည်။ ၎အပြင်ယခုလက်ရှိ ဆင်းရဲသားကြွေးမြီများကို အားလုံးလျှော်ပစ်ရန် သင့်လေသည်။ ထိုကြွေးများမှာ အတိုး၏ အညွန့်ကြွေးများသာ ရှိတော့မည်မှာ ကျွန်တော် ယုံမှား

သံသယမရှိပေ။ ကျွန်တော်ကား ကြွားရမည်ဆိုလျှင် မျိုးကြီးဆွေကြီးမှ ပေါက်ဖွားသူဖြစ်သည်။ ကျွန်တော်တို့ ရှေးအဆက်အနွယ်တို့မှာ ပုဂံပြည် တရုပ်ပြေးမင်းလက်ထက် (ဂျင်ဂျစ်ခံ) အမှုုရှိသော တရုပ်တို့ ဝင်ရောက်နှောက်ယှက်သောအခါတွင် နိုင်ငံခြားသားတို့၏ လက်အောက်တွင် မနေလို၍ လွတ်ရာကျွတ်ရာယခု ကျွန်တော်မွေးဖွားရာ ဒေသသို့ စုန်ဆင်းလာခဲ့လေသည်ဟု ဦးလေးတယောက်က ပြောဘူးလေသည်။

အလောင်းဘုရား တတိယနိုင်ငံတော် ထူထောင်စဉ်အခါက တိုင်းပြည်မှာ ဖရိုဖရဲဖြစ်၍နေရာ ရွှေဘိုနယ်မှ ဦးအောင်ဇေယျ ထ၍ ကျွန်တော်တို့၏ အဆက်အနွယ်ပင်းမင်းကြီးဦးမြ (ဘွဲ့အမည် ကောင်းကောင်းမမှတ်မိ) ဆိုသူမှာလည်း မိမိ နယ်ကိုအုပ်စီးခေါင်းဆောင်၍ ဗမာ့ထီးနန်းထူထောင်ရန် ကြံလေသည်။ နောက်မှအလောင်းဘုရား အကြောင်း ကြားသဖြင့် လူများစေလွှတ်စုံစမ်းစေ၍ အလောင်းဘုရား၏ ဘုန်းလက်ရုံးအကြောင်း ကြားသိသည့်အခါ အလောင်းဘုရားထံဝင်ရောက်၍ သက်စွန့်ကြိုးပမ်းအမှုထမ်းလေသည်ဟု မှတ်သားရဘူးသည်။

မင်းတုန်းဘုရင်လက်ထက်တွင် သက်တော်ရှည်အမတ်ဖြစ်သော ခမ်းပတ်မင်းကြီးမှာကျွန်တော်တို့၏ အမျိုးအနွယ်ပင်ဖြစ်သည်ဟု ကြားဘူးသည်။ မင်းတုန်းဘုရင်၏သမားတော်တဦး (လူအမည်မှာ ဦးကျော်ဇံ ဖြစ်လေသည်၊ ဘွဲ့ကိုကားမသိ) မှာလည်း ကျွန်တော်တို့၏ အမျိုးအဆွေပင်ဖြစ်လေသည်။ စုံနံ့သာမြိုင်ရေးသောဆရာကြော့မှာ ဦးကျော်ဇံ၏ မြေးပင်တည်း။ အရှင်အဂ္ဂမဟာဓိမှာလည်း ကျွန်တော်တို့ အမျိုးဟုပင် သိရသည်။ ကျွန်တော်တို့ဘေးမှာ နတ်မောက်မြို့သူကြီးဖြစ်လေသည်။ စာတတ်သည်၊ ဉာဏ်ထက်သည်၊ လက်မြောက်သည် သည်၊ စိတ်ထက်သည်ဟူ၍ ကြားနာဘူးလေသည်။ မိမိအထက်မြို့ဝန်နှင့် မတဲ့၍ အလုပ်ပြုတ်သဖြင့် မန္တလေး ရွှေမြို့တော်သို့တက်၍ အရာခံနေဆဲ အနိစ္စရောက်လေသည်ဟု တခါက ပုရပိုက်မှတ်တမ်းတခုတွင် ဘတ်ရဘူး လေသည်။

(စကားအလျဉ်းသင့်၍ ရေးရဦးမည်၊ ရှေးကလည်း ဒိုင်ယာရီခေါ် နေ့စဉ်မှတ်တမ်းရှိလေသည်။ အခေါ်အဝေါ်ကား မေ့သွာလေပြီ။ ကျွန်တော်တို့(ဘေး) အိမ်ကြီးတွင်တွေ့ဘူးသော ပုရပိုက်များတွင် ကျွန်တော်တို့ဘေး နေ့စဉ် ဘာလုပ်သည်ဘယ်သွားသည် စသည်တို့ကို မှတ်သားထားချက်များ တွေ့ရလေသည်။) ကျွန်တော်တို့ ဘေးတွင် အစ်ကိုကြီးတယောက်နှင့် ညီနှစ်ယောက်ရှိသည်ဟုသိရသည်။ အစ်ကိုကြီးမှာ ရန်ကုန်ဆိပ်ကမ်းအုပ် ဖြစ်သည်ဟု သိရသည်။ ညီအငယ်တယောက်မှာ တလုပ်မြို့ဝန် ဦးဘွားယူဟုခေါ်၏။ မြင်ကွန်း– မြင်းခုံတိုင်တို့၏ ငယ်ဆရာဖြစ်သည်။ ၎င်းမင်းသားများအထတွင် မြင်းကွန်းမင်းသားတို့အတွက် ဓားပြတိုက်၍ ငွေရှာပေးရ လေသည်။ ထိုအချက်ကို နေပြည်တော်ကသိလေ၍ ဦးဘွားယူရာထူးမှ ကျလေသည်။ ကျွန်ယုံ၏ သစ္စာကြီးမှု ကြောင့်၎င်း၊

အမှုမထင်ရှား၍ငင်း၊ မင်းတုန်းမင်းကဲ့သို့ သိမ်မွေ့သော မင်းလက်ထက်ဖြစ်၍ငင်း၊ အသက်ချမ်းသာ ရလေသည်။

နာမည်ကျော် ဦးမင်းရောင် (ဗိုလ်လရောင်) မှာ ကျွန်တော်တို့ အဖွား၏ တူတော်သည်။ ဦးမင်းရောင်ကား လက်ရုံးအားကိုးဖြစ်သည်။ အမိုက်ဆုံး ဆိုသူများကို တပည့်လုပ်ထားသည်။ ၎င်း၏ တပည့်တယောက် (နာမည်ကား မမှတ်မိ)သည် ဇာတ်ပွဲများတွင် လူပျက်ပျက်သည့်အချိန် လူများရယ်တုံးမရယ်၊ အများရယ်ပြီးမှ တယောက် တည်း ကျယ်လောင်စွာ အကြာကြီးရယ်တတ်သည်ဟု သိရသည်။ ဤကဲ့သို့ အရွဲ့တိုက်ရယ်သည်ကို ဗိုလ်မင်းရောင်တွေ့၍ အားရကာ ဆုချလေတော့သည်။ တခါလည်း ၎င်းတပည့်နှင့် ၎င်း၏ညီ မြို့ဝန်ဦးမင်းမောင်၏ တပည့်တို့သည် ၎င်းတို့၏ဘွားမ မယ်တော်ပျံတွင် လက်ဝှေ့ထိုးကြသည်။ ဦးမင်းရောင်၏ တပည့်ရှုံးသည်၊ ညီဖြစ်သူ ဦးမင်းမောင်က မိမိတပည့်နိုင်သဖြင့် ပုဝါတပိုင်း ဆုချလေသည်။ ထိုအခါ ဗိုလ်လရောင်က မခံချင်၍ မိမိ တပည့်ကို ရှုံးလျက်နှင့်ပင် ပုဆိုးတထည် ဆုချလေသည်။

တခါလည်း ကြက်သားဟင်း စားလို၍ ညီဦးမင်းမောင်အား ကြက်အသတ် ခိုင်းလေသည်။ ဦးမင်းမောင် ကား ဗိုလ်လရောင်နှင့်မတူ လူပြော့လေးဖြစ်သည်။ စောင်း စည် သီချင်းဆိုတော်သည်။ စကားပြော ချိုသာသည်။ အထက်လူကြီး၏ အချစ်တော်တဦးဟု သိရသည်၊ ဦးမင်းမောင် ကြက်မသတ်နိုင် ထို့ကြောင့် ဗိုလ်လရောင်က သူကိုယ်တိုင်သတ်၍ ချက်စားလေသည်။ ပို့သည့်ဟင်းကို ညီအားမကျွေးပဲ ခွေးကျွေးပစ်သောဟူ၏။
(ဤကား ကျွန်တော်၏ အမျိုးအနွယ်အကြောင်း သိသမျှပင်တည်း။)

### ကျောင်းသားဘဝ

ကျွန်တော်၏ မိခင်၊ ဘခင်နှစ်ဦးစလုံးမှာ ဉာဏ်ကောင်းသော အမျိုးဖြစ်လေသည်။ ကျွန်တော်၏ ဘခင်သည် ရှေ့နေ စာမေးပွဲတွင် ဗမာတပြည်လုံး တတိယစွဲ ခဲ့လေသည်။ ကျွန်တော်တို့ ညီအကိုအားလုံးလဲ ဉာဏ်ကောင်းကြသည်။ သို့သော် ဒုတိယအစ်ကိုကြီးကား စာသင်အထူးပျင်းလှ၍ အခြား ညီအစ်ကိုကဲ့သို့ ပေါက် ပေါက်ရောက်ရောက် ပညာမတတ်ပေ။ ကျွန်တော်၏ အစ်ကိုများ၊ ဝမ်းကွဲ ညီအစ်ကိုများ၊ ဦးလေးများမှာ မိမိတို့ဆိုင်ရာ ကျောင်းစာမေးပွဲတွင် ထိပ်တန်းကျကျ အောင်မြင်ကြသူချည်း ဖြစ်လေသည်။ ကျွန်တော်တို့၏ မိဘများသည် ပညာ ကိုလည်း အထူးလိုလားကြသည်။ ကျွန်တော်၏ အစ်ကိုများကို ငါးနှစ်သား အရွယ်မှစ၍ ကျောင်းထားခဲ့လေသည်။ ကျွန်တော်တယောက်သာ အငယ်ဆုံးဖြစ်၍ အလိုလိုက်ထားသဖြင့် အသက် ၈–နှစ် ရောက်မှသာလျှင် ကျောင်းစနေရပေသည်။

ကျွန်တော် ကျောင်းနေလာရင်းပြောရဦးမည်။ ကျွန်တော်၏အထက် အစ်ကို အောင်သန်းအား အသက် ၁၁–နှစ်ခန့်တွင် ရှင်ပြုလေသည်။ ထိုအခါ ကိုအောင်သန်းသည် မြန်မာ ၆–တန်းတွင်ရှိသည်။ ကျွန်တော့်မှာ အသက်–၈နှစ်ထဲ ရောက်သော်လည်း ကျောင်းမနေရသေးချေ၊ ရှင်ပြုအခမ်းအနားဖြင့် အကိုအောင်သန်းတို့ ရှင်လောင်းဆင်သောအခါ ကျွန်တော်လဲ ရှင်လောင်းဖြစ်ချင်သဖြင့် မိခင်အားပူစာသေးသည်။ ထိုအခါ မိခင်က ရှင်လောင်းလုပ်တဲ့လူသည် စာတတ်မှာဖြစ်မည်ဟု ပြောသဖြင့် ကျောင်းနေပါတော့မည်ဟု ကတိပေးကာ ထိုတွင်မှ ကျောင်းစနေဖြစ်သည်။ တန်းကျော်တက်ခဲ့ ရပြန်သဖြင့် လေးနှစ်နှင့် ၁၀–တန်းအောင်မြင်သည်။ အင်္ဂလိပ်–မြန်မာ သတ္တမတန်းစာမေးပွဲတွင် ဗမာတနိုင်ငံလုံး နဝမစွဲခဲ့၍ အထက်တန်းစကောလားရှစ် ရခဲ့သည်။ ဗုဒ္ဓဘာသာကျောင်းနှင့် အမျိုးသားကျောင်းများတွင် ပဋ္ဌမစွဲခဲ့၍ ဦးရွှေရို ဆုကို ရရှိခဲ့ပြီးနောက် ရန်ကုန်တက္ကသိုလ်တွင် ၆–နှစ်ခွဲမျှ နေခဲ့သည်။ နိုင်ငံရေးစိတ်သန်မှုကြောင့် ကျောင်းစာများကို မလေ့ကျက်သဖြင့် (ဘီ–အေ) အတန်းအထိ အောင်ယုံသာ အောင်ခဲ့သည်။

(ဘီ–အေ) အထက်တန်းနှစ်တွင် ကျောင်းသား သပိတ်ခေါင်းဆောင် တဦးဖြစ်၍ အလုပ်ရှုပ်သဖြင့် (ဘီ–အေ) စာမေးပွဲကို တနှစ်မဖြေပဲ နေခဲ့ရသည်။ နောက် (ဘီ–အယ်လ်) အတန်းကို တက်ခဲ့သည်။ အတန်းလည်း မှန်မှန်မတက်၊ စာအုပ်လည်းမရှိ၊ မှတ်စုလည်းမထား၊ စာလည်းမကြည့်၊ မိမိစိတ်သန်ရာ နိုင်ငံရေးကိုသာ လိုက်စားသဖြင့် (ဘီ–အယ်လ်) ပဋ္ဌမနှစ် စာမေးပွဲ ရှုံးလေသည်။ ဤသည်ကား ကျွန်တော့်ဘဝတွင် ပဋ္ဌမဆုံးနှင့် နောက်ဆုံး ကျရှုံး ခြင်းပေတည်း။ ကျရှုံးသော်လည်း ဥပဒေ ရာဇဝင်ဖြစ်သော ပဋ္ဌမမေးခွန်းတွင် ကျွန်တော် ပဋ္ဌမရခဲ့သည်။ ဒုတိယ (ဘီ–အယ်လ်) နှစ်တွင် နှစ်စေ့အောင် ကျွန်တော်မနေတော့။ ဥရောပတိုက်တွင် မြူးနစ်စာချုပ် မချုပ်ဆိုမီ စစ်ဖြစ်မတတ် အခြေအနေနှင့် ဗမာပြည်တွင် အဓိကရုဏ်း အခြေအနေများကို ထောက်ဆ၍ တိုင်းပြည်အတွက် ကိုယ်ထိလက်ရောက် လုပ်ကိုင်ရန် ကျောင်းမှ နှစ်ဝက်တွင်ထွက်၍ သခင်ဘဝသို့ ပြောင်းခဲ့သည်။

မြန်မာစာသင် ဘုန်းကြီးကျောင်းနေရစဉ်က ကျွန်တော် အထူးမပျော်ပိုက်သည့် အချက်တချက် ရှိလေသည်။ ထိုအချက်မှာ ကစားခုန်စားခြင်း ကလေးဘာသာ သစ်ပင်တက်၊ ရေကူး၊ အလုပ်မျိုး ပိတ်ပင်ခြင်းပင် ဖြစ်သည်။ ဤအချက်တွင် ကျနော်တို့ မိဘများလည်း တသဘောတည်းလောက်ပင် ရှိသည်။ ကျွန်တော်တို့မှာ သစ်ပင်တက်ခြင်း၊ ရေကူးခြင်းစသော ကိုယ်လက်ကျန်းမာ ကျင်လည်မှုကို လေ့လာခွင့်မရ၊ သစ်ပင်တက်သည်ကိုမြင်လျှင် အဆို၊အမြည် ခံရသည်။ ရေကူးသည်ကိုသိလျှင် အရိုက်ခံရသည်။ ထို့ကြောင့် ယနေ့အထိ ကျနော့်မှာ ဉာဏ်ပညာဘက်မှ အခွင့်အလမ်းရခဲ့၍ ပေါက်မြောက်သလောက် ကိုယ်လက်ကျန်းမာ

ကျင်လည်ရေးတွင် အခွင့်အလမ်း မရခဲ့၍ များစွာ ချို့ယွင်းနေပေသည်။ ရေနံချောင်း အမျိုးသားကျောင်း ဖြစ်သည့်အတိုင်း ဆင်းရဲသဖြင့် ကစားခုန်စား လေ့ကျင့်ရာနေရာ၊ ကိရိယာ၊ တန်ဆာပလာများ မထားနိုင်၍ပင် ဖြစ်သည်။

ဗမာပြည်တွင် ဘုန်းကြီးများနှင့် ရှေးလူကြီးများ၏ တချို့အယူအဆများကို ခေတ်နှင့်လျော်အောင် ပြုပြင်သင့်ပေသည်။ သို့မဟုတ်လျှင် ပညာဆိုသည်မှာ စာအုပ်စာတမ်း တက်၍ စာသိမှုကို ပညာဟု မဆိုသာပေ။ ပညာသည် အတိုင်းအဆမထင် အလွန်ကျယ်ပြော နက်နဲလှပေသည်။ ကမ္ဘာပေါ်ရှိ စာအုပ်အားလုံးပင်လျှင် ပညာအားလုံးကို လောကပြင်ကျယ်တည်း ဟူသော ကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှသည် မြေကြီးထဲရောက်သည်အထိ ပညာသင်သားများ ဖြစ်နေကြစေသည် ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် သူ၏ တသက်ပန်တွင် ကုန်ဆုံးသည်ဟု မဆိုနိုင်ပေ။ ပညာတတ်သူသည် လောကရှိ အရာရာကို အခွင့်အလမ်းလိုက် ဆင်ခြင်သုံးသပ် နိုင်စွမ်းသော ဉာဏ်အားကိုလည်းကောင်း၊ မိမိဉာဏ်အမြင်အရ စိတ်နေစိတ်ထား စိတ်ဓာတ်တို့ကို လည်းကောင်း (Emotion of the Education) ပြုပြင်ပြုစု စီမံထားခဲ့သူသာလျှင် ဖြစ်သည်။ ဘီအေပင် အောင်စေကာမူ၊ ပညာဆိုသော သဘာဝ အဓိပ္ပာယ်ကို ကောင်းစွာသုံးသပ် နားလည်ခြင်း မရှိခဲ့သော် တကယ်အရာမရောက် အသုံးမဝင်နိုင်ပေ။

ပညာဟူသည် စာအုပ်များထဲ၌သာ ရှိသည်မဟုတ်။ စာအုပ်များကို ကျော်၍ မြင်နိုင်စွမ်းခြင်းကို ဆောင်နိုင်ရပေမည်။ ပညာသည် လူ၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ယုံသာမဟုတ်။ လူ၏ စိတ်နေစိတ်ထား အယူအဆများကိုလည်း တိုးတက်စေရမည်။ လူ၏ဆန္ဒအား လုပ်အားကို နူးညွှတ်စေရမည်။ ရာဇဝင် သိယုံသာမဟုတ် ရာဇဝင်ကို ဖန်တီးနိုင်စေရမည်။ လောကဓာတ်ပညာကို သိယုံသာမဟုတ်၊ လောကဓာတ်ပညာကို တိုးချဲ့ နိုင်စေရမည်။ ပဋ္ဌမပညာကို သိယုံသာမဟုတ် မြေသစ်၊ ရေသစ်၊ တော၊ တောင်တို့ကို ရှာဖွေ စုံစမ်းနိုင်စွမ်း စေရမည်။ လောက အကြောင်းကို နားလည်စေယုံသာမဟုတ်၊ သည့်ထက်ကောင်းသော လောကကို ဖန်ဆင်းနိုင်စေရမည်။ ဤကား ပညာ၏ သရုပ်အကျဉ်းမျှပင်တည်း။ ပညာသည် ကာလဒေသ၊ ပရောဂနှင့် ယှဉ်ရမည်။ ဉာဏ်ကြီးသာ တိုးတက်၍ သညာမရှိပါမူလည်း ဤမျှပိုမို ဆန်းကြယ် အပြောကျယ်လှသော ခေတ်သစ်အကြောင်းကို နားမလည်နိုင်ပေ။ လောကဓာတ်ပညာကို မတတ်မသိပဲ လောကဓာတ် ပညာဉာဏ်ကိုသာ ရလျှင် လောကဓာတ် ပညာ၏တန်ဖိုးကို ဒင်းပြည့် မသုံးနိုင်ပေ။ တိုင်းပြည် အခြေအနေပြသနာ၊ ခေတ်၏အခြေအနေနှင့် မယှဉ်ပါမူ တိုင်းပြည် ထောင်ခြင်း၊ ခေတ်ပြင်ခြင်း မပြုနိုင်ပေ။ မွေးကတည်းက သေသည်အထိ အယူဝါဒ အပြောင်းအလဲမရှိသူသည် ပညာတတ်သည်ဟု မဆိုနိုင်ပေ။ လူတယောက်၏ သက်တမ်းတွင် အစပဋ္ဌမက သိမြင်လာသော စိတ်နေစိတ်ထား ဝါဒတို့သည် အမှန်ချည်းမဟုတ်၊ ပြုပြင် ပြောင်းလဲရမည်သာတည်း။ ယနေ့ အယူအဆနှင့်

နက်ဖန်အယူအဆတို့မှာ တူချင်မှ တူမည်၊ အမှန်ကား လူတဦး၏ တဘဝတွင် ကျွန်ုပ်တို့သည် အယူဝါဒ ပြောင်းလဲခြင်းများကို တွေ့သောအခါ ထိုလူသည် သမာဓိမတည်၊ ရှေ့နောက်မညီဟု ထင်မှတ်မှားတတ်လေသည်။

သမာဓိမတည်ခြင်းမှာ ကိုယ်ကျင့်တရား ဖောက်လွဲဖောက်ပြန် ဖြစ်ခြင်းပေတည်း။ ဝါဒပြောင်းလဲမှုမှာ ဉာဏ်အမြင်၏ ပြောင်းလဲမှုကြောင့် သမာဓိ မတည်ခြင်း မဟုတ်ပေ။ တနည်း တိုးတက်ခြင်း ပေတည်း။ အမှန်အားဖြင့် သမာဓိဆိုသော စကားကို နက်နက်နဲနဲ ဆင်ခြင်လျှင် လောကရှိ လူအပေါင်းတို့မှာ သမာဓိ လက်ကိုင်ကြရသူ ရှားပေသည်။ သမာဓိ ဆိုသည်မှာ လောက၏ အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ်၊ အပျက် စနစ်စုံကို ပိုင်းခြားထင်ထင် သိမြင်၍ ဆင်းရဲလည်း ဝမ်းမနည်း၊ ချမ်းသာလည်း ဝမ်းမသာ၊ ပကတိစိတ်ထား ဉာဏ်အမြင်အရ လူချီးမွမ်း၊ လူကဲ့ရဲ့မှု ဘေးဒုက္ခ အန္တရာယ်ကို မထိတ်မလန့် တသမတ်တည်း တည်ငြိမ်စွာ ရှိခြင်းကို ဆိုလေသည်။ ဘုရား အစရှိသော သူတော်ကောင်းတို့၏ စိတ်တည်နေပုံမျိုးတည်း။

သို့ဖြစ်ရာ သာမန်ကိုယ်ကျင့်တရား အမူအရာ၊ အပြောအဆို၊ ဘမ်းပြတည်ငြိမ်မှုကို လူအပေါင်းတို့က သမာဓိဟု သာမည ပြောစမတ်ပြုကြလေသည်၊ အမှန်စင်စစ်ကား ထိုဘမ်းပြ တည်ငြိမ်မှုနောက်တွင် မည်မျှ အတွင်းဖောက်လွဲဖောက်ပြန်မှုများ တိုးပွား များပြားလာသည်ကို လူအပေါင်းတို့ မစဉ်းစားမိကြချေ။ ကျွန်တော်သည် ဣန္ဒြေကြီး၍ မျက်နှာထား အလွန်တည်သူ တယောက်ဟု အသိအမှတ်ပြု ခံရလေသည်။ ကျွန်တော်၏ ကိုယ်အမူအရာ စိတ်ထားသရုပ်တို့သည် ဖောက်လွဲ ဖောက်ပြန် သဘောကို မပြပေ။ သို့သော် အကယ်ပင် ကျွန်တော်သည် သမာဓိ ရှိ၏။ မည်မျှ သမာဓိကို ပိုင်ဆိုင်ပေ သနည်း။ ကျွန်တော်သာလျှင် ကျွန်တော်၏ အတွင်းလှုပ်ရှားမှုတို့ကို ဤစာအုပ်ကို ဖတ်ရင်းဖတ်ရင်း တွေ့မြင် ကြရပေလိမ့်မည်။

အသိဆုံး ဖြစ်ပေသည့် ကျွန်တော်၏ အတွင်း လှုပ်ရှားမှုများကား၊ သမာဓိတရားကို လုံးဝမပိုင်ဆိုင်သေးခြင်း၏ အမှတ် လက္ခဏာပင်တည်း။ ယခုလည်း ကျွန်တော် သမာဓိတရားကို ပိုင်ပြီလော။ လုံးဝ မပိုင်ဆိုင်သေးပေ။ ထို့ကြောင့် လူတိုင်း ပိုင်ဆိုင်ခြင်း မရှိသေးသော သမာဓိတရားကို စကားလုပ်၍ မဆိုကြပါနှင့်ဦး။ လူတယောက်၏ ဉာဏ်အပြင် လှုပ်ရှားမှု ဝါဒပြောင်းလဲမှုကို သမာဓိမတည်ဟု တံဆိပ်အရိုက် မစောသင့်ကြပေ။ ဥပမာအားဖြင့် လွန်ခဲ့သော နှစ်များက အရှင် အာဒိစ္စဝံသ ဆိုသော ကိုယ်တော်အား သာသနာတွင် ဘိက္ခုနီမများ ရှိသင့်သည်ဟု စာအုပ်တအုပ် ရေးသားမှုကြောင့် ဝိုင်းပယ်ကြ၏။ သပိတ် မှောက်ကြကုန်၏။ အမှန်ကား သူ၏ ပြောင်းလဲမှုသည် မှားချင်လဲ မှားပေလိမ့်မည်။ သို့သော်လည်း ပုထုဇဉ်တို့၏ ဂတိအလားဖြင့် အမှားမရှိသူ မရှိ။ အမှားသိမှ အမှန် မြင်လေသည်။

အများတခါလုပ်မိလျှင် အများနှစ်ခါလုပ်မိသောအခါ မှန်လာပေလိမ့်မည်။ သို့သော်လည်း မှားပင်မှားစေကာမူ မိမိဉာဏ်အမြင်အလျှောက် ပြောင်းလဲမှုမှုမှာ ရှိအပ်သည်သာတည်း။ လေ့နံ ခေါးထစ်ဆိုသော အလုပ် အပြော အတွေးတို့မှာ ပညာ၏ အဓိပ္ပာယ် ဆန့်ကျင်ဘက်ပေတည်း။

ဗုဒ္ဓဂေါတမသည် သဗ္ဗညုတဉာဏ်တော်ကို ခြောက်နှစ်တိုင်တိုင် အများအမျိုးမျိုးကိုကျော်ကာ ရှာဖွေတွေ့ရှိခဲ့လေသည်။ ထိုဉာဏ်တော် ရှာဖွေရန် စိတ်ပိုင်းဖြတ်သော အစ၌ သိဒ္ဓတ္ထမင်းသားသည် မိမိဉာဏ် အမြင်အရ အနုမာန မျက်မှန်းရမ်းဆ၍ ပြောင်းလဲမှု ရှိလေသည်။ အလှယ်လှယ် အပြောင်းပြောင်း အသောင်းအကသော မောင်းမမိသံ ခြွေရံပရိသတ်တို့နှင့်တကွ နန်းဆောင်သုံးဝယ် မင်းစည်းစိမ်ကို စွန့်ပယ်၍ သောင်မမြင် ကမ်းမမြင် ရသေ့ရဟန်း အသွင်၊ လျှော်တေ သင်္ကန်းကို ဝတ်ဆင်၍ ဘိက္ခုနီ လောယာစန သီလောတိ ဘိက္ခု ဟူသည်နှင့်အညီ၊ သူတောင်းစားဘဝမျိုးသို့ ပြောင်းလဲမှုသည် သာမန်ပကတိ မျက်စိအားဖြင့် ကြည့်လျှင် ရူးမိုက်သည်ဟု ဆိုရပေမည်။ မိမိ၏ မင်းစိတ် မင်းဝါဒကို ဆန့်ကျင်သော လောကစိတ် လောကဝါဒအား ဤသို့ ပြောင်းလဲခဲ့လေသည်။

**(ဗိုလ်ချုပ်အောင်ဆန်း)**

## အောင်ဆန်းဇာနည်

ဖေဖော်ဝါရီ ဆယ့်သုံး ဟာ
ဗိုလ်ချုပ်မွေးနေ့ပါ၊
တစ်ထောင့်ကိုးရာတစ်ဆယ့်ငါး
ရှေ့နေ ဦးဖာသား၊
ဇာတိ နတ်မောက် မကွေးခရိုင်
သိကြများ ခုတိုင်၊
ကြွဲကြွဲခိုင်တဲ့ ဇာနည်ဘွား
မိခင်ဒေါ်စုသား၊
တစ်ထောင့်ကိုးရာလေးဆယ့်ခွန်
ပြောင်းကြွ တမလွန်၊
မျက်ရည်ဖြိုင်လို့ ဘဝင်ညှိုး
နှုလိုင် တစ်ဆယ့်ကိုး။
ပြည်ထောင်လွတ်ရေး ကြိုးပမ်းအောင်
ပြည်ချစ်ဒို့ခေါင်းဆောင်
ဆိုရှယ်လစ်ဘောင်လမ်းစဉ်များ
ဗိုလ်ချုပ်ချမှတ်သွား။
ပြည်ထောင်စုရဲ့ ကျေးဇူးရှင်
ဗိုလ်ချုပ် တို့ဖခင်၊
ကောင်းစေချင်တဲ့ မှာစကား
ငါတို့ မမေ့အား။

# အောင်ဆန်းဇာနည်

ဖေဖော်ဝါရီ ဆယ့်သုံး ဟာ
ဗိုလ်ချုပ်မွေးနေ့ပါ၊
တစ်ထောင့်ကိုးရာတစ်ဆယ့်ငါး
ရှေ့နေ ဦးဖာသား၊
ဇာတိ နတ်မောက် မကွေးခရိုင်
သိကြမျှား ခုတိုင်၊
ကြုံ့ကြုံ့ခိုင်တဲ့ ဇာနည်ဘွား
မိခင်ဒေါ်စုသား၊
တစ်ထောင့်ကိုးရာလေးဆယ့်ခွန်
ပြောင်းကြွ တမလွန်၊
မျက်ရည်သွန်လို့ ဘဝင်ညှိုး
ရှူလိုင် တစ်ဆယ့်ကိုး။
ပြည်ထောင်စုရဲ့ ကျေးဇူးရှင်
ဗိုလ်ချုပ် တို့ဖခင်၊
ကောင်းစေချင်တဲ့ မှာစကား
ငါတို့ မမေ့အား။

(မူကွဲ)

# "Invictus"

Out of the night that covers me,
Black as the Pit from pole to pole,
I thank whatever gods may be
For my unconquerable soul.

In the fell clutch of circumstance
I have not winced nor cried aloud.
Under the bludgeonings of chance
My head is bloody, but unbow'd.

Beyond this place of wrath and tears
Lies but the horror of the shade,
And yet the menace of the years
Finds, and shall find me, unafraid.

It matters not how strait the gate,
How charged with punishments the scroll,
I am the master of my fate:
I am the captain of my soul.
Engrave this quote in Our Store! | Rate this Quote! | Tell a Friend

-William Ernest Henley, 1875

# အနိုင်မခံ

ငါ့အား ဖုံးလွှမ်းထားသော လကွယ်သန်းခေါင်
ဤအမှောင်အတွင်းမှနေ၍ အနိုင်မခံ အရှုံးမပေးတတ်သော
ငါ၏စိတ်ဓာတ်ကို ဖန်ဆင်းပေးသည့် နတ်သိကြားတို့အား ငါကျေးဇူးတင်၏။
လောကဓံတရားတို့၏ ရက်စက်ကြမ်းကြုတ်သော လက်ဆုပ်တွင်းသို့
ကျရောက်နေရငြားသော်လည်း ငါကား မတုန်လှုပ် မငိုကြွေး
ကံတရား၏ ရိုက်ပုတ်ခြင်း ဒဏ်ချက်တို့ကြောင့်
ငါ၏ ဦးခေါင်းသည် သွေးသံတို့ဖြင့် ရဲရဲနီ၏ ညွတ်ကား မညွတ်
ဤလောဘဒေါသတို့ ကြီးစိုးရာဌာန၏ အခြားမဲ့၌ကား
သေခြင်းတရားသည် ငံ့လင့်လျက်ရှိ၏။
သို့သော် ငါ့အား မတုန်လှုပ်သည်ကို တွေ့ရအံ့။
နောင်ကိုလည်း ဘယ်တော့မှ မကြောက်သည်ကိုသာ တွေ့ရအံ့။
သုဂတိသို့ သွားရာ တံခါးဝသည် မည်မျှ ကျဉ်းမြောင်းသည်ဖြစ်စေ
ယမမင်း၏ ခွေးရေပုရပိုက်၌ ငါ့အပြစ်တို့ကို မည်မျှပင် များစွာ
မှတ်သားထားသည်ဖြစ်စေ ငါကား ဂရုမပြု
ငါသာလျှင် ငါ့ကံ၏ အရှင်သခင်ဖြစ်၍
ငါသာလျှင် ငါ့စိတ်၏ အကြီးအကဲ ဖြစ်သတည်း။

ဗိုလ်ချုပ်အောင်ဆန်း

(အိုးဝေမဂ္ဂဇင်း၊ အတွဲ ၆ အမှတ် ၁၊ ၁၉၃၆ ခု)

# “ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်နေ့စွဲများ”

ဗိုလ်ချုပ်အောင်ဆန်းသည် သူ့ကျွန်မခံလိုသူ ဦးမင်းရောင်၏မြေးဖြစ်၍ ရှေ့နေကြီး ဦးဖာနှင့် ဒေါ်စုတို့၏သားဖြစ်သည်။

**၁၉၁၅**။ ။ ဖေဖော်ဝါရီလ ၁၃ ရက်၊ ၁၂၇၆ တပေါင်းလဆန်း ၁ရက် စနေနေ့တွင် မကွေးတိုင်းနတ်မောက်မြို့၌ဖွားမြင်သည်။ဗေဒင် ဆရာကဇာတာတွင် ထိန်လင်းဟု အမည်ရေးသော်လည်း အကိုဖြစ်သူအောင်သန်းနှင့်လိုက်ဖက်ရန် အောင်ဆန်းဟုခေါ်တွင်ခဲ့သည်။

**၁၉၂၂**။ ။ အသက်(၇) နှစ်တွင်နတ်မောက်မြို့ ဆရာတော်ဦးသောဘိတထံတွင် ကျောင်းနေခဲ့သည်။

**၁၉၂၈**။ ။ ရေနံချောင်းအမျိုးသားအထက်တန်းကျောင်းသို့ ပြောင်းနေခဲ့သည်။

**၁၉၃၀**။ ။သတ္တမတန်းအောင်ကာ ဦးရွှေရိုး စကောလားရှစ်ရသည်၊ တစ်လ ၁၀ ဖြင့်သုံးနှစ်စာစကောလားရှစ်ရခဲ့သည်။

**၁၉၃၂**။ ။ရေနံချောင်း အမျိုးသားအထက်တန်းကျောင်းမှ အထက်တန်းအောင်ကာ ရန်ကုန်တက္ကသိုလ်ရောက်သည်။

**၁၉၃၄**။ ။ဥပစာတန်းအောင်သည်(စာမေးပွဲခုံအမှတ်၂၃၁)။ တကသအမှုဆောင် ရွေးကောက်ပွဲရှုံးနိမ့်သည်။

**၁၉၃၅-၃၆** ။ ။တကသအမှုဆောင်ရွေးကောက်ပွဲဝင်ရာ အရွေးခံရသည်။ အိုးဝေ မဂ္ဂဇင်း အယ်ဒီတာအဖြစ်ဆောင်ရွက်သည်။ထိုသို့ဆောင်ရွက်စဉ် အိုးဝေမဂ္ဂဇင်း၌ ‘ခွေးသရမ်းကြီးလွတ်နေသည်’ (Hell Hound At large) ဆောင်းပါးရေးသူကို ထုတ်ဖော်မပြော၍တက္ကသိုလ်မှထုတ်ပယ်ခံရသည်။

**၁၉၃၆**။ ။တကသ ဒုဥက္ကဋ္ဌရွေးချယ်ခံရသည်၊ ရန်ကုန်မြို့ ဂျူဗလီဟောခန်းမ၌ ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများညီလာခံတွင်မိန့်ခွန်းပြောကြား သည်။

**၁၉၃၇**။ ။အင်္ဂလိပ်စာပေ၊ ဥရောပရာဇဝင်၊ နိုင်ငံရေးဗေဒဘာသာရပ်များဖြင့် ဝိဇ္ဇာတန်းအောင်မြင်သည်။

**၁၉၃၇-၃၈** ။တကသဒုဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသား များသမဂ္ဂ ဥက္ကဋ္ဌအဖြစ်လည်းဆောင်ရွက်သည်။

**၁၉၃၇**။ ။ရန်ကုန်တက္ကသိုလ် ပဲခူးဆောင် သဟာရနှင့်စာဖတ်အသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်၊ပဲခူးဆောင်အခန်းအမှတ်(၁၁၃)တွင်နေခဲ့သည်။

**၁၉၃၈**။ ။ဥပဒေသင်ကြားနေရာမှ၄င်း၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ သမဂ္ဂ ဥက္ကဋ္ဌနေရာမှ၄င်း နှုတ်ထွက်သည်။
အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော နယူးဘားမား သတင်းစာအယ်ဒီတာအဖွဲ့တွင် ခေတ္တဝင်ရောက်လုပ်ကိုင်သည်။ ပထမဦးဆုံးတက္ကသိုလ်ကျောင်းသားကိုယ်စားလှယ် တက္ကသိုလ်ကောင်စီဝင်အဖြစ် တင်မြှောက်ခြင်းခံရသည်။ အောက်တိုဘာလတွင် သခင်ကိုယ်တော်မှိုင်းဦးဆောင်သော တို့ဗမာအစည်းအရုံးသို့ ဝင်ရောက်သည်။

**၁၉၃၈-၃၉** ။ တကသဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။

**၁၉၃၉**။ ။ဇန်နဝါရီလတွင် ရန်ကုန်အရေးတကြီးလုံခြုံရေးအက်ဥပဒေဖြင့် (၁၅) ရက် ဖမ်းဆီးထောင်ချခံရသည်။ ဖေဖော်ဝါရီလ(၂၅)ရက်နေ့ သန်းခေါင်ကျော် ၂နာရီခွဲ တွင်ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ အသင်းအလုပ် အမှုဆောင်အစည်းအဝေးသို့ တက်ရောက်သည်။
ဖေဖော်ဝါရီလ ၂၆ရက် ညနေ၅နာရီခွဲတွင် ဗမာပြည်နန်းရင်းဝန်၊ မြို့မိမြို့ဖ အဖွဲ့ဝင် လူကြီးများနှင့် ကျောင်းသားခေါင်းဆောင်များ (ကျောင်းသားသပိတ်အရေးနှင့် စပ်လျဥ်း၍) တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးသို့ တက်ရောက်သည်။ ဧပြီ ၆ ရက်မှ ၉ ရက်အထိကျင်းပသော မော်လမြိုင်ညီလာခံတွင် အတွင်းရေးမှူး အဖြစ် တာဝန်ခံ ဆောင်ရွက်သည်။ ဩဂုတ်လ၁၃ ရက်နေ့တွင် ရန်ကုန်ရေကျော်ရပ် တို့ဗမာအစည်းအရုံးတည်ရာဌာနၡ္ဓ သခင်အောင်ဆန်း၊ သခင်လှဖေ၊ ကိုသိန်းဖေ၊ ကိုဗဟိန်း၊ မစ္စတာဒတ္တားတို့သည် တို့ဗမာအစည်းအရုံးအတွင်းတွင် ကွန်မြူနစ်အဖွဲ့ လေးတရပ် စတင်ဖွဲ့စည်းသည်။ ဩဂုတ်လ ၁၅ ရက်နေ့တွင်ရန်ကုန်အရှေ့ပိုင်း ၄၉လမ်းအိမ်နံပါတ် ၁၈၈တွင် ဗမာပြည်ကွန်မြူနစ်ပါတီကိုလျို့ဝှက်စွာတည်ထောင် ဖွဲ့စည်းပြီး သခင်အောင်ဆန်းက အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူ ခဲ့သည်။ စက်တင်ဘာ ၁ ရက်တွင် ဒေါက်တာဘမော်အိမ်၌ကျင်းပသော အစည်း အဝေး၌ ထွက်ရပ်ဂိုဏ်း၏ အတွင်းရေးမှူးအဖြစ် တင်မြှောက်ခြင်းခံရသည်။

နိုဝင်ဘာ ၁၈ ရက်နေ့တွင် မြေအောက်တော်လှန်ရေးဗဟိုအဖွဲ့ကို စတင်တည်ထောင်ကာ သခင်အောင်ဆန်းအား ပြည်ပခေါင်းဆောင်အဖြစ် တင်မြှောက်ကြသည်။ ၁၉၃၉ ဒီဇင်ဘာလမှ ၁၉၄၀ ဇန်နဝါရီလ အတွင်းဗမာတစ် ပြည်လုံးသို့ တရားလှည့်လည်ဟောပြောခဲ့သည်။

**၁၉၄၀**။ ။ မတ်လ ၂၂ ရက်နေ့ အိန္ဒိယနိုင်ငံ ရမ်းဂါးမြို့တွင်ကျင်းပသော အိန္ဒိယအမျိုးသား ကွန်ဂရက်ညီလာခံသို့ သခင်သန်းထွန်း၊ သခင်ခင်အောင်၊ သခင်တင်မောင်၊သခင်ဆင်ဂူပတား၊ကိုထွန်းရှိန်(ဗိုလ်ရန်နိုင်)၊ကိုဗဟိန်း တို့နှင့်အတူ တက်ရောက်ခဲ့ကာ မေလ ၅ ရက်၌ ရန်ကုန်ပြန်ရောက်သည်။ ဇွန်လ ၂၉ ရက်တွက် ဟသံ်တခရိုင် ရာဇဝတ်ဝန်မစ္စတာဖေးဗီးယားက ဇွန်လ ၁ ရက်နေ့ ဇလွန်မြို့၌ ချင်းတောင်အကြောင်းဟောပြောမှုဖြင့် သခင်အောင်ဆန်းကိုဖမ်းရန် ၅ ကျပ်တန် ဝရမ်းကိုထုတ်ခဲ့သည်။ ဩဂုတ်လ ၈ ရက်နေ့တွင် သခင်လှမြိုင်နှင့်အတူ ဟိုင်လီ အမည်ရှိသင်္ဘောဖြင့် ဗမာပြည်မှ တရုပ်ပြည်သို့ လျှို့ဝှက်စွာထွက်ခွာခဲ့ကြသည်။ ဩဂုတ်လ ၂၄ ရက်နေ့တွင် တရုပ်ပြည် အမွိုင်သို့ ရောက်ရှိကာ ထိုမှတဆင့် နိုဝင်ဘာ ၁၂ ရက်နေ့တွင် ဂျပန်ပြည် တိုကျိုမြို့သို့ ရောက်ရှိခဲ့သည်။

**၁၉၄၁**။ ။ မတ်လ ၃ ရက်နေ့တွင် ဗမာပြည်သို့ပြန်လာပြီး မတ်လ၉ ရက်နေ့၌ ရဲဘော်သုံးကျိပ်ထဲမှ ပထမအသုတ်လူငယ်တစ်စုကို တပါတည်းခေါ်ယူပြီး ဂျပန်ပြည်သို့ လျှို့ဝှက်စွာပြန်လည်ထွက်ခွာခဲ့သည်။ မတ်လ ၂၇ ရက်နေ့တွင် ဂျပန်ပြည် တိုကျိုမြို့သို့ ပြန်လည်ဆိုက်ရောက်ခဲ့သည်။ ထိုနှစ်နိုဝင်ဘာလ ဝရမ်းပြေးနေစဉ် တက္ကသိုလ်အုတ်ချုပ်ရေးအဖွဲ့မှ နုတ်ထွက်သည်။ ဒီဇင်ဘာ ၂၇ ၊ ၁၉၄၁ စနေနေ့ည ၁ နာရီအချိန်တွင် ယိုးဒယား ပြည်ဘန်ကောက်မြို့ရှိ မျိုးချစ်ပုဂ္ဂိုလ်ကြီးဦးလွန်းဖေ၏နေအိမ်တွင် ဘီအိုင်အေ ခေါ် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းပြီး လက်မောင်းသွေးဖေါက်သောက်ကြသည်။

**၁၉၄၂**။ ။ ဇန်နဝါရီလ ၁ ရက် တွင် အင်္ဂလိပ်အစိုးရက သခင်အောင်ဆန်းကို ဘားမားလစ် (Burma List) ခေါ် အင်္ဂလိပ်အစိုးရ ၏ရန်သူတော်စာရင်းတွင် အမှတ်စဉ် ၅ အဖြစ်ကြေညာခဲ့သည်။ ဇူလိုင်လတွင် ဗိုလ်မှူးကြီးရာထူးဖြင့် ဗမာ့ကာကွယ်ရေးတပ်မတော် စစ်သေနာပတိအဖြစ်ဆောင်ရွက်သည်။ ဩဂုတ်လ ၁ ရက်တွက် ဘီအိုင်အေ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဘီဒီအေ ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ်သို့ ပြောင်းလဲရာတွင် ဗိုလ်မှူးကြီးရာထူးဖြင့် ဘီဒီအေတပ်မတော်၏သေနာပတိဖြစ်လာသည်။ စက်တင်ဘာလ ၆ ရက်တွင် ဒေါ်ခင်ကြည်နှင့် လက်ထပ်သည်။ လက်ထပ်ပွဲကို ဆေးရုံ ယခုစစ်ရုံးချုပ်ပေါ်၌ပင် ကျင်းပသည်။ နိုဝင်ဘာလ ၈ ရက်တွင် မြို့တော်ခန်းမ၌ကျင်းပသော ခေတ်သစ်ဆရာဖြစ်သင်တန်းတွင် သေနင်္ဂဗျူဟာစစ်ပညာ အကြောင်းဟောပြောသည်။

**၁၉၄၃**။ ။ မတ်လတွင် ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ခြင်းခံရသည်။ မတ်လ ၁၇ ရက်တွင် ဒေါက်တာဘမော်နှင့်အတူ ဂျပန်ပြည် တိုကျိုမြို့သို့ ဖိတ်ကြားခြင်းခံရပြီး ၁၉၄၃ မတ်လ ၂၂ တွင် ဂျပန်အင်ပါယာ၏ ဘွဲ့ထူးဂုဏ်ထူးတံဆိပ် (Order Of The Risingsun) ဖြင့် ချီးမြှင့်ခြင်းခံရသည်။ ဩဂုတ်လ ၁ ရက်တွင် ဗမာ့တပ်မတော် စစ်ဦးစီး သေနာပတိ ရာထူးအပြင် စစ်ဝန်ကြီးအဖြစ်ဆောင်ရွက်သည်။ ဂျပန်အစိုးရ၏ ( First Class Order Of The Sacred Treadsure) ချီးမြှင့်ခြင်းခံရသည်။ အောက်တိုဘာ ၂ ရက်တွင် ဦးဝိစာရကြေးရုပ်နှင့် ကျောက်တိုင်ဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားသည်။

**၁၉၄၄**။ ။ ဩဂုတ်လ ၄ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ပြီး ဖက်ဆစ်တိုက်ဖျက်ရေးနှင့်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီး (ဖဆပလ)ကို ပဲခူးမြို့ ဗမာ့တပ်မတော် တိုင်း ၄ စခန်း၌ လျှို့ဝှက်စွာ ဖွဲ့စည်းခဲ့သည်။ ထိုသို့ဖွဲ့စည်းရာ၌ ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလ ဗဟိုဦးစည်းအဖွဲ့တွင်၄င်း၊ ဖဆပလ ဗဟိုစစ်ကောင်စီတွင်၄င်း၊ စစ်ရေးခေါင်းဆောင်အဖြစ် တင်မြှောက်ခြင်းခံရသည်။ ဩဂုတ်လ ၂၃ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ပတ်လမ်းနှင့် ဦးထွန်းမြင့်လမ်းထောင့်ရှိ စစ်ဝန်ကြီးဗိုလ်ချုပ် အောင်ဆန်း၏နေအိမ်၌ ဗမာ့တပ်မတော် ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပြည်သူ့အရေးတော်ပုံပါတီတို့ ပါဝင်ဖွဲ့စည်းသော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းသည်။ စက်တင်ဘာ ၃ ရက်တွင် ဗိုလ်မှူးကြီး စောကြာဒိုး၊ ဗိုလ်ကြီး စောစံဘိုးသင်၊ ဗိုလ်မှူးရဲထွတ်၊ ဗိုလ်ချုပ်ကတော်ဒေါ်ခင်ကြည်နှင့်အတူ မြောင်းမြမြို့သို့ ရောက်လာကြသည်။ စက်တင်ဘာလ ၇ ရက်တွင် ဗိုလ်မှူးကြီးစောကြာဒိုး၊ ဗိုလ်ကြီး စောစံဘိုးသင်၊ ဒုဗိုလ် သိန်းဆွေ၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးရဲထွတ် တို့နှင့်အတူ ပုသိမ်ခရိုင် ကန်ကြီးထောင့်ရွာသို့ ခရီးထွက်ကြသည်။

**၁၉၄၅**။ ။ မတ်လ ၁၇ ရက်တွင် ရန်သူကိုတိုက်ခိုက်ရန်အတွက် တပ်မတော်ကိုဦးဆောင်၍ စစ်မြေပြင်သို့ထွက်ခဲ့သည် ။ မတ်လ ၂၇ ရက်နေ့တွင် ဖက်စစ်ဂျပန်များကို စတင်တော်လှန်သည်။ မေလ ၁၆ ရက်တွင် ဗိုလ်ချုပ်စလင်းနှင့် ပထမဦးဆုံးအကြိမ် တွေ့ဆုံသည်။ ဇွန်လ ၂၀ ရက်တွင် အင်္ဂလိပ်စစ်သင်္ဘောကမ်ဘာလင် ( H.M.S. Cumberland) ပေါ်၌ အခြားနိုင်ငံရေး ခေါင်းဆောင်များနှင့်အတူ ဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် တွေ့ဆုံဆွေးနွေးသည်။ ဩဂုတ်လ ၁၉ ရက် နေသူရိမ်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားသည်။ ဩဂုတ်လ ၂၉ ရက် မြို့တော်ခန်းမ၌ကျင်းပသည့် အရှေ့အနောက်အသင်း ( East And West Association) တွင်အင်္ဂလိပ်ဘာသာဖြင့် ဟောပြောခဲ့သည်။ စက်တင်ဘာလ ၄ ရက်တွင် အရှေ့တောင်အာရှဆိုင်ရာသေနာပတိ လော့မောင့်ဘက်တန်နှင့် ဗမာ့တပ်မတော် ဆက်လက်တည်တံ့ရေးအတွက် ဆွေးနွေးရန် သခင်သန်းထွန်း၊ ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း၊ ဦးဘဖေတို့နှင့်အတူ သီဟိုကျွန်း ဂန္ဒီ မြို့သို့သွားသည်။

**၁၉၄၆**။ ။ဇန်နဝါရီ ၂၀ ရက်တွင် ရွှေတိဂုံ အလယ်ပစ္စယံ၌ကျင်းပသော နိုင်ငံလုံးဆိုင်ရာ ဖဆပလ ညီလာခံတွင် ဖဆပလဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသည်။ မတ်လ ၄ ရက်တွင် သခင်မြ၊ ဟသ်ာတဦးမြ၊ ဦးအောင်စံဖေတို့နှင့်အတူ ရန်ကုန်မှ ရခိုင်သို့ ခရီးထွက်သည်။ မတ်လ ၆ ရက်တွင် တောင်ကုတ်ရောက်သည်။ မတ်လ ၇ ရက်တွင် တောင်ကုတ်၌ တရားဟောသည်။ မတ်လ ၁၀ ရက်တွင် စစ်တွေကို ရောက်ပြီး၊ မတ်လ ၁၁ ရက်နေ့၌ စစ်တွေမြို့ တွင် တရားဟောသည်။ မတ်လ ၂၆ ရက်တွင် စထရင်း ဟော်တယ်၌အိန္ဒိယခေါင်းဆောင် ပဏ္ဍစ် နေရူး နှင့် ၃ နာရီကြာဆွေးနွေးသည်။ မေလ၂၈ ရက် ညနေ ၄ နာရီ အချိန်၌ ပြည်သူ့ရဲဘော်တပ်ဖွဲ့အားလုံးကို လောင်းဝစ် လမ်းဌာနချုပ် အဖွဲ့ တည်ရာဌာန၌ ဩဝါဒ မိန့်ခွန်းပေးသည်။ စက်တင်ဘာ ၂၆ ရက်တွင် ဘုရင်ခံ၏အမှုဆောင်ကောင်စီ၌ ဒုသဘာပတိ အဖြစ်ရာထူးလက်ခံ၍ အစိုးရ အဖွဲ့ အသစ် ကိုဖွဲ့ သည်၊ နိုဝင်ဘာလ ၂ ရက် မြစ်ကြီးနားရှိ တိုင်းရင်းသား ကချင်စစ်တပ် ကိုစစ်ဆေးသည်၊ နိုဝင်ဘာလ ၁၄ ရက်မှ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ အထက်ဗမာပြည်သို ့ခရီးထွက်သည်။ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကယားပြည်နယ် လွယ်ကော်မြို့၌ ကျင်းပသည့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်သည်။ ဒီဇင်ဘာလ ၂၄ ရက်နေ့ နံနက်တွင် တောင်ကြီးမြို့ညောင်ရွှေဟော်၌ စော်ဘွားများနှင့်ပထမဆုံးအကြိမ် ဆွေးနွေးသည်။

**၁၉၄၇**။ ။ ဇန်နဝါရီလ ၂ ရက်တွင် သခင်မြ၊ ဦးတင်ထွတ်တို့နှင့်အတူ ဘိလပ်သို့ သွားသည်။ ဇန်နဝါရီ ၅ ၇က်နေ့ ညနေ ၅ နာရီ ၁၀မိနစ်အချိန်တွင် ဒေလီရေဒီယိုမှ ဗမာပြည်သို့ဟူသော မှာကြားချက်မိန့်ခွန်းကိုအသံလွှင့်သည်။ အေရှညီညွတ်ရေးသို့ ဟူသော ဗိုလ်ချုပ် အသံသွင်းမိန့်ခွန်းကိုလည်း ထိုနေ့ည ၈ နာရီခွဲအချိန်တွင် ဒေလီရေဒီယိုမှ အသံလွှင့်သည်။ ဇန်နဝါရီလ ၁၃ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှဝန်ကြီးချုပ်အက်တလီ ခေါင်းဆောင်သော ဗြိတိသျှကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးပွဲကို လန်ဒန်မြို့ အမှတ် ၁၀ ဒေါင်းနင်းလမ်းရှိ ဗြိတိသျှ ဝန်ကြီးချုပ်ဂေဟာ၌ ကျင်းပသည်။ ဇန်နဝါရီလ ၂၈ ရက်တွင် အောင်ဆန်းအက်တလီစာချုပ်အား လက်မှတ်ထိုးသည်။ ဖေဖော်ဝါရီလ ၂ ရက်နေ့ ရန်ကုန်ပြန်ရောက်သည်။ ဖေဖေါ်ဝါရီလ ၈ ရက်နေ့ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့သို့ သွားရောက်သည်။ ဖေဖေါ်ဝါရီလ ၁၂ ရက်နေ့ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည်။ ဖေဖေါ်ဝါရီလ ၂၈ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော မြို့တော်ဝန်၏ညေ့ခံပွဲ၌ မိန့်ခွန်းပြောကြားသည်။ မတ်လ ၁၀ ရက်နေ့တွင် ဗမာပြည် အင်္ဂလိပ်ကုန်သည်ကြီးများ အသင်းနှစ်ပါတ်လည်နေ့တွင် မိန့်ခွန်းပြောကြားသည်။ မတ်လ ၁၅ ရက်မှ မတ်လ ၁၇ ရက်နေ့အထိ လေကြောင်းခရီးဖြင့် မြိတ်၊ထားဝယ်၊မော်လမြိုင်မြို့များသို့ ခရီးထွက်သည်။ မတ်လ ၁၇ ရက်နေ့ညနေ ၄ နာရီအချိန်တွင် မော်လမြိုင်မြို့ ဘုရင်မပန်းခြံ၌ မိန့်ခွန်းပြောကြားသည်။မတ်လ ၂၀ ရက်နေ့တွင် ကျောက်ဆည်နှင့်မန္တလေးမြို့များတွင် တရားဟောသည်။ မတ်လ ၂၁

စစ်ကိုင်းမြို့တွင် တရားဟောသည်။ မတ်လ ၂၃ ရက် ညောင်ဦးမြို့တွင် တရားဟောသည်။ မတ်လ ၂၄ ရက် မကွေးမြို့တွင် တရားဟောသည်။ မတ်လ၂၅ ရက် နတ်မောက်မြို့တွင် တရားဟောသည်။ မတ်လ ၂၇ ရက် အာလံ (အောင်လံ) တွင်တရားဟောသည်။ ထိုနေ့တွင်ပင် ရန်ကုန်ပြန်ရောက်သည်။ ဧပြီလ ၁ ရက်တွင် လေယဉ်ဖြင့်စစ်တွေသို့ ခရီးထွက်သည်။ ထိုညနေတွင် ရေတပ်မတော်မှ စစ်သင်္ဘောဖြင့် မြေပုံမြို့သို့ ခရီးဆက်သည်။ ဧပြီလ ၂ ရက်နေ့တွင်စစ်တွေမှ ရန်ကုန်သို့ လေယာဉ်ဖြင့်ပြန်လာသည်။ ဧပြီလ ၄ ရက်တွင် အုတ်တွင်း တောင်ငူ ပျဉ်းမနား မြို့များတွင် တရားဟောသည်။ ဧပြီလ ၅ ရက်တွင် ပျော်ဘွယ်၊ တပ်ကုန်း ရမည်းသင်းမြို့များတွင် တရားဟောသည်။ ဧပြီလ ၉ ရက်နေ့ ညနေ ၆ နာရီတွင် ဇနီးဖြစ်သူ ဒေါ်ခင်ကြည်နှင့်အတူ မဲရုံများသို့ လိုက်လံစစ်ဆေးသည်။ရွေးကောက်ပွဲကျင်းပရာတွင် ဗိုလ်ချုပ်ဦးဆောင်သော ဖဆပလအဖွဲ့သည် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိသည်။ ဧပြီလ ၁၂ ရက်နေ့ နေ့လယ် ၂ နာရီတွင် ဗီယက်နမ်နိုင်ငံကိုယ်စားလှယ် ပါမောက္ခရန်ပင်လော့နှင့်တွေ့ဆုံသည်။ ဧပြီလ ၁၇ ရက် နေ့လယ် ၁ နာရီတွင် ကန်တော်ကြီးစောင်းအိုရီယန့်ကလပ်၌ ယိုးဒယား အစိုးရနှင့် ဗီယက်နမ်အစိုးရ ကိုယ်စားလှယ်တော်များ ဧည့်ခံပွဲတက်ရောက်ပြီး မိန့်ခွန်းပြောကြားသည်။ဧပြီလ ၁၈ ရက်နေ့တွင် နှစ်သစ်ကူးမိန့်ခွန်းပြောကြားသည်။ ဧပြီလ ၂၈ရက်နေ့မန္တလေးသို့လာသည်။မေလ ၄ ရက်နေ့တွင် ဗိုလ်ချုပ်နေအိမ်၌ ဖဆပလ ကိုယ်စားလှယ်များ ဆိုရှယ်လစ်ကိုယ်စားလှယ်များ၊ ပရသဖ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပြီး နယ်များတွင် ပြည်သူ့ရဲဘော်နှင့်ဆိုရှယ်လစ်များ မသင့်တင့်သည့်ကိစ္စများဖြေရှင်းပေးသည်။ မေလ ၆ရက်နေ့ည ၈ နာရီတွင် ပြည်လမ်း ပဲခူး ကလပ်၌ မျက်နှာဖြူကုန်သည်ကြီးများ နှင့် ဆွေးနွေးသည်။ မေလ ၈ ရက်နေ့ ညနေ ၄ နာရီအချိန်တွင် ပသျှူး အစိုးရ ကိုယ်စားလှယ်များဖြစ်သည့် ဒေါက်တာ ဘဟာနုဒင်နှင့် မစ္စတာဂျာဇနီဇူလေမန် တို့ကို လက်ဖက်ရည်ပွဲနှင့်ဧည့်ခံသည်။ မေလ၁၀ရက်နေ့ညနေ ၃ နာရီအချိန်တွင် သတင်းစာဆရာများကို အရေးပေါ်အစည်းအဝေးခေါ်ယူပြီး ဦးဘဖေကို ဝန်ကြီးအဖွဲ့မှထုတ်ပယ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ မေလ ၁၂ ရက်နေ့ည ၈နာရီတွင် အမေရိကန်သံအမတ် မစ္စတာ ပက်ကာ ၏နေအိမ်၌ကျင်းပသည့် ညစာစားပွဲသို့ တက်ရောက်သည်။ မေလ ၁၇ ရက်နေ့တွင် ယိုးဒယားဘုရင်၏ဆွေတော်မျိုးတော်ဖြစ်သော မင်းသမီး ချန်ဘောနှင့် သမီးတော် အာစီ မင်းသမီးတို့ကို တာဝါလိန်းနေအိမ်၌ ညစာဖြင့်ဧည့်ခံကျွေးမွေးသည်။ မေလ ၁၉ ရက်နေ့တွင် ဖဆပလ ပဏာမ ညီလာခံကျင်းပသည်။ မေလ ၂၅ ရက်နေ့တွင် ဗြိတိသျှရေတပ်မှ စစ်သင်္ဘော H.M.S FALE (ယခုစစ်ရေယာဉ် မေယု) အား ရေတပ်လက်ထောက်ဗိုလ်ချုပ် မစ်ချယ်က လွှဲပြောင်းပေးသည်ကို အဆိုပါ သင်္ဘောပေါ်၌ပင် လက်ခံသည်။ မေလ၃၀ ရက်နေ့တွင် သတင်းစာကွန်ဖရန့်ပြုလုပ်သည်။ ဇွန်လ ၁၆ ရက်နေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော် အစည်းအဝေး၌ အခြေခံဥပဒေနှင့်ပါတ်သက်သည့် လမ်းညွှန်ပြဋ္ဌာန်းချက်ကိုတင်သွင်းသည်။ ဇူလိုင်လ

၇ ရက်နေ့တွင် ဗမာပြည်ရှိ အိန္ဒိယ ပဋိညာဉ်ခံ ဝန်ထမ်းများ (I.C.S)နှင့် တွေ့ဆုံဆွေးနွေးသည်။ ဇူလိုင်လ ၁၃ ရက် တနင်္ဂနွေနေ့ မြို့တော်ခန်းမမှနေ၍ လူထုသို့ မိန့်ခွန်းပြောကြားသည်။ (နောက်ဆုံးပြောကြားခဲ့သော မိန့်ခွန်း ဖြစ်သည်)။ **ဇူလိုင်လ ၁၉ ရက် စနေနေ့နံက် ၁၀ နာရီ ၃၇ မိနစ်** အချိန်တွင် မသမာသူလူတစ်စု၏ လုပ်ကြံမှုကြောင့်ကျဆုံးခဲ့သည်။